Network for Democracy and Development

Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# တစ်ပတ်အတွင်းမြန်မာ့နိုင်ငံရေးသတင်းအကျဉ်းချုပ် (၁၀၂/ ၂၀၁၁)

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၇) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- ၆၄ နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုသောအားဖြင့် အကျဉ်းသားများအား 'လွတ်ငြိမ်းချမ်းသာခွင့်' ပြုကြောင်း သမ္မတ ဦးသိန်းစိန်က အမိန့်အမှတ် ၁/၂၀၁၂ ဖြင့် ဇန်နဝါရီ ၂ ရက်နေ့ညက နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနဖြစ်သော MRTV-4 မှတဆင့် ထုတ်ပြန်လိုက်သည်။ (Mizzima 020112) Read More..., RFA...
- ၆၄ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် သမ္မတ၏ အကျဉ်းသားများအပေါ် ထောင်ဒဏ်လျှော့ပေါ့ပေးမှုသည် နှစ်ရှည်ထောင်ဒဏ် ကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားများအနေဖြင့် လွတ်မြောက်ဖွယ်ရာ လမ်းမရှိဘဲ နိုင်ငံ၏ အဓိကကျသည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအပေါ် သက်ရောက်ထိခိုက်နိုင်သည်ဟု ရန်ကုန်တိုင်း အမျိုးသားလွှတ်တော်အမတ် ဒေါက်တာ မြတ်ဉာဏစိုးက ပြောဆိုလိုက်သည်။ (BBC 030112) Read More...
- ဧရာဝတီတိုင်း ဖျာပုံမြို့တွင် ကျင်းပနေသည့် လွတ်လပ်ရေးနေ့ ပွဲတော်တွင် မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အဖွဲ့ဝင်များက ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ ပုံများ၊ တီရှပ်များနှင့် သော့ချိတ်များ ရောင်းချနေခြင်းကို တိုင်းဝန်ကြီးချုပ် အမိန့်ဖြင့် ဇန်နဝါရီ ၂ ရက်နေ့ညက တားမြစ်လိုက်သည်။ (RFA 030112) Read More...
- ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လက်အောက်ရှိ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများသည် ခွင့်ပြုချက်မရဘဲ ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် ဆက်သွယ်သတင်းပေးဖြေကြားမှု ပြုလုပ်ပါက အစိုးရလျှို့ဝှက် အက်ဥပဒေအရ အရေးယူမည်ဟု ထုတ်ပြန်ထား ကြောင်း အကောက်ခွန် ဦးစီးဌာန ဝန်ထမ်းတစ်ဦးကပြောသည်။ (Irrawaddy 050112) Read More...

## ကြံ့ဖွံ့ပါတီ

- ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) အောင်နိုင်ရေးနှင့် ဒေါ်အောင်ဆန်းစုကြည်၏ စည်းရုံးရေးအခြေအနေကို တန်ပြန်ရန်အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်း ဦးဆောင်သော ပြည်နယ်နှင့်တိုင်းဒေသကြီး ဝန်ကြီးချုပ်များ ပါဝင်သောအစည်းအဝေးတစ်ရပ်ကို လွန်ခဲ့သည့် ဒီဇင်ဘာလ ၂၈ ရက်နေ့က နေပြည်တော်တွင် ပြုလုပ်ခဲ့ကြောင်း နေပြည်တော်ရှိ အစိုးရအသိုင်းအဝန်းနှင့် နီးစပ်သူတစ်ဦးကပြောသည်။ (Irrawaddy 050112) Read More...

## တပ်မတော်

### (က) စစ်ဆင်ရေး

- ကချင်လွတ်လပ်ရေးတပ်မတော် KIA နှင့် ကြံ့ဖွံ့အစိုးရတပ်များအကြား တိုက်ပွဲဖြစ်ပွားနေသည့် KIA တပ်မဟာ (၄) ထိန်းချုပ်နယ်မြေ သျှမ်းပြည်မြောက်ပိုင်း မူစယ်ခရိုင်သို့ ဇန်နဝါရီ ၂ ရက်နေ့က စစ်သားအပြည့်တင်ဆောင်လာသည့် စစ်ထရပ်ကား အစီး ၂၀ ခန့်ရောက် ရှိလာကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 0301012) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- သမ္မတ ဦးသိန်းစိန်က ကချင်ဒေသထိုးစစ်များ ရပ်ဆိုင်းရန် ယခင်လက ညွှန်ကြားခဲ့ပြီးနောက်ပိုင်းတွင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) လှုပ်ရှားသည့် နယ်မြေအတွင်း တိုက်ပွဲပေါင်း အကြိမ် ၁၀၀ ဝန်းကျင် ဖြစ်ပွားခဲ့သည်ဟု (KIO) တွဲဘက်အထွေထွေ အတွင်းရေးမှူး ဦးလနန်က ပြောသည်။ (Irrawaddy 040112) Read More...
- ကချင်ပြည်နယ်တွင် ဖားကန့်မြို့နယ်အတွင်း မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်းနှင့် စစ်ကိုင်း၊ ပြည် (အင်းမ)၊ မကွေးမြို့တို့တွင် အခြေစိုက်သည့် တပ်မ ၃၃၊ ၆၆၊ ၈၈ တို့မှ အင်အား ၃၀၀ ခန့်သည် KIA တပ်မဟာ ၂ လက်အောက်ခံ တပ်ရင်း ၆ သို့ ထိုးစစ်ဆင်လာနေသောကြောင့် မိုးကောင်း-ဖားကန့်လမ်းအား ဇန်နဝါရီ ၄ ရက်နေ့မှစ၍ ပိတ်လိုက်သည်ဟု KIA မှ အရာရှိတစ်ဦးက ပြောသည်။ (Mizzima 050112) Read More...

## (ခ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်နေ့က မြန်မာအစိုးရစစ်တပ် ခြေမြန်တပ်ရင်း ခမရ (၄၃၈) က ဗန်းမော်မြို့မှ လိုင်ဇာမြို့သို့ သွားသည့် ယာဉ်တန်းကို ပစ်ခတ်ခဲ့ရာ ယာဉ်မောင်း ကိုမြကြီးသေဆုံးကာ ကားစပယ်ယာ ကိုတူးဒဏ်ရာရရှိခဲ့ကြောင်း ကချင်လွတ်လပ်ရေး တပ်မတော် KIA ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်ကပြောသည်။ (KIC 030112) Read More...
- ကချင်ပြည်နယ် ဆင်ဘိုမြို့နယ် အခြေစိုက် ခလရ ၁၄၁ တပ်ရင်းမှ ဒေသတွင်းရှိ တာလောကြီး၊ တာပရောင်း၊ အထက် ငှက်ပျောတော ကျေးရွာသားများ၏ ရွှေလုပ်ငန်းများ အပါအဝင် စက်လှေ၊ ဆိုင်ကယ်များ ခရီးသွားလာနေမှုအပေါ် ငွေတောင်းယူနေသည်ဟု တာလော ကြီးရွာသားတစ်ဦးကပြောသည်။ (S.H.A.N 040112) Read More...
- မြန်မာအစိုးရနှင့်ကရင်အမျိုးသားအစည်းအရုံး KNU အကြား အပစ်အခတ်ရပ်စဲရေးဆွေးနွေးနေကြသော်လည်း ကရင်ပြည်နယ် မြောက်ပိုင်း တောင်ငူခရိုင် ထန်းတပင်မြို့နယ်၊ ရေသိုးကြီးဒေသမှ ရွာပုန်းရွာရှောင် ကျေးရွာဖြစ်သည့် ခူလောင်ကျေးရွာတွင် ဂင်ရောက် လှုပ်ရှားသည့် အစိုးရစစ်တပ် စကခ (၉) လက်အောက်ခံ ခမရ (၅၄၀) တပ်ရင်းမှ ဒေသခံစောကိုမြကို ဒီဇင်ဘာလ ၂၄ ရက်နေ့က အကြောင်းမဲ့ပစ်သတ်ခဲ့သည်ဟု ဒေသခံတစ်ဦးကပြောသည်။ (KIC 040112) Read More...
- သျှမ်းပြည် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်အတွင်း၌ KIA တပ်ဖွဲ့အား စစ်ဆင်နေသည့် အစိုးရ ခလရ ၁၄၄ ၊ ၁၃၀ ခမရ ၅၈၆ ၊ ၂၅၁ နှင့် တပ်မ ၉၉ လက်အောက်ခံတပ်များက မန့်ဂိန်းတိုက်ရွာကို ဇန္နဝါရီလ ၃ ရက်နေ့က မီးရှို့ခဲ့သည်ဟု ဒေသခံရွာသားတစ်ဦးကပြောသည်။ (S.H.A.N 050112) Read More...
- ကရင်ပြည်နယ်၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ရေသိုးကြီးဒေသတွင် လှုပ်ရှားနေသည့် အစိုးရတပ် စစ်ကွပ်ကဲရေးဌာနချုပ်-စကခ (၉) လက်အောက်ခံ ခမရတပ်ရင်းများဖြစ်သည့် (၃၇၆)၊ (၅၄၁)၊ (၅၄၀)နှင့် (၃၈၀)တို့သည် တပ်ရိက္ခာသယ်ယူရေးအတွက် ဒေသခံ ရွာသားများအား နေ့စဉ်အလှည့်ကျစနစ်ဖြင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှစ၍ ယခုအချိန်ထိ အတင်းအဓမ္မ လုပ်အားပေးခိုင်းစေလျှက်ရှိ ကြောင်း ဒေသခံများကပြောသည်။ (KIC 050112) Read More...
- အစိုးရစစ်တပ် ခလရ ၁၃၀ နှင့် ပန်ဆေးပြည်သူ့စစ် ပူးပေါင်းအဖွဲ့များက သျှမ်းပြည် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ဖာပြန့်ရွာတွင် ဇန်နဝါရီ ၄ ရက်နေ နေ့လည် ၁၂ နာရီခန့်က ရွာအတွင်း ပေါ်တာဆွဲစဉ် ထွက်ပြေးသည့် လူငယ်အိုက်ထက်ကို ပစ်သတ်ကာအမျိုးသမီး ၃ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု ဒေသခံတစ်ဦးကပြောသည်။ (S.H.A.N 060112) Read More...

## အခြားနိုင်ငံရေးပါတီများ

- ရခိုင်ပြည်နယ်မှ သယံဇာတများကို ဒေသခံပြည်သူများ ခွဲဝေခံစားခွင့်ရရန် ဇန်နဝါရီ ၁ ရက်နေ့က ကျောက်ဖြူမြို့တွင် ဒေသခံ အများအပြားက တွေ့ဆုံဆွေးနွေးခဲ့ကြပြီး လွှတ်တော်သို့တင်ပြ၍ မထူးခြားလျှင် လူထုလှုပ်ရှားမှုများနှင့်တောင်းဆိုသည်အထိ ဆောင်ရွက်သွားမည်ဟု ဆုံးဖြတ်ခဲ့ကြောင်း မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်အမတ်တစ်ဦးဖြစ်သူ ဦးဖေသန်းက ပြောသည်။ (VOA 010112) Read More...
- မှတ်ပုံတင်ထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ အသုံးပြုလိုက်သည့် အမှတ်တံဆိပ် ခွပ်ဒေါင်းသည် ၎င်းတို့ပါတီမှ တံဆိပ်နှင့် ဆင်တူနေသည့်အတွက် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီက ကန့်ကွက်လိုက် သည်ဟု ပါတီဒု-ဥက္ကဌ ကိုသန်းဦးက ပြောသည်။ (VOA 020112) Read More...
- သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အရ နိုင်ငံရေးအကျဉ်းသားများ အနည်းအကျဉ်းသာ ပါဝင်သောကြောင့် လွှတ်တော်တွင်း တိုက်တွန်း ပြောဆိုခဲ့ကြသည့် လွှတ်တော်အမတ်များ စိတ်ပျက်လက်ပျက်ဖြစ်ခဲ့ကြပြီး သမ္မတအနေဖြင့် အပြောင်းအလဲများကို သတ္တိရှိရှိနှင့် ရဲရဲတင်းတင်း ဆောင်ရွက်သွားရန် လွှတ်တော်အမတ်များက တိုက်တွန်းလိုက်ကြောင်း ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်အမတ် ဒေါက်တာအေးမောင်က ပြောသည်။ (VOA 030112) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- ဖလုံ-စဂေါ်ဒီမိုကရက်တစ်ပါတီ (PSDP) အနေဖြင့် ပါတီ၏ လုပ်ဆောင်ချက်များ ပိုမိုထိရောက်စေရန်နှင့် တာဂန်ကိုစနစ်တကျ လုပ်ဆောင်နိုင်ရန်အတွက် ဗဟိုအလုပ်အမှုဆောင်များ တိုးချဲ့ဖွဲ့စည်းလိုက်ကြောင်း ပါတီအထွေထွေအတွင်းရေးမှူး စဘီကျင်ဦးကပြော သည်။ (KIC 040112) Read More…
- တိုင်းရင်းသားပါတီများအနေဖြင့် ပါတီရံပုံငွေအကျပ် အတည်းကြောင့် နိုင်ငံတော်ပိုင်တိုက်ခန်းများအား အစိုးရဈေးနှုန်းဖြင့် အငှားချ ပေးရန် ဒီမိုကရေစီမိတ်ဆွေများပါတီက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ စာတင်တောင်းရန် ပြင်ဆင်နေသည်ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဗဟိုကော်မတီဝင် စောသန်းမြင့်ကပြောသည်။ (S.H.A.N 050112) Read More…, IMNA…

## လွှတ်တော်

### ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ

- ဥပဒေနှင့်မညီညွတ်ဘဲ အဂတိလိုက်စားပြီး စီရင်ချက်များကို ချမှတ်သည့်တရားသူကြီးများကို အရေးယူနိုင်ရန် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက ပြည်သူ့လွှတ်တော်သို့ တင်ပြပြဋ္ဌာန်းနိုင်ရန် စီစဉ်နေကြောင်း လွန်ခဲ့သည့် ဒီဇင်ဘာလ ၂၉ ရက်နေ့က မီဒီယာများနှင့်တွေ့ဆုံပွဲတွင် ကော်မတီ ဥက္ကဋ္ဌ သူရဦးအောင်ကိုကပြောကြားလိုက်သည်။ (EMG 010112) Read More…
- မြန်မာနိုင်ငံ၏ လက်ရှိအချိန်တွင် တရားစီရင်ရေး မဏ္ဍိုင် တိမ်းစောင်းယိမ်းယိုင်စေမည့် လွှမ်းမိုးမှုများမရှိတော့ကြောင်း လွန်ခဲ့သည့် ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌ သူရဦးအောင်ကိုက ပြည်တွင်းသတင်းဂျာနယ်မီဒီယာများနှင့် ဒီဇင်ဘာ ၂၉ ရက်နေ့ တွေ့ဆုံပွဲတွင် ပြောကြားလိုက်သည်။ (The Myanmar Post 020112) Read More…
- အောက်ခြေတရားစီရင်ရေး အချို့အနေဖြင့် စနစ်ဟောင်းကို ဆက်လက် ဖက်တွယ် နေဆဲဖြစ်သည်ကို တွေ့ရှိရကြောင်း လွန်ခဲ့သည့် ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌ သူရဦးအောင်ကိုက ပြည်တွင်း သတင်းဂျာနယ်မီဒီယာများနှင့် ဒီဇင်ဘာ ၂၉ ရက်နေ့ တွေ့ဆုံပွဲတွင် ပြောကြားလိုက်သည်။ (The Myanmar Post 020112) Read More…
- ပြည်သူ့လွှတ်တော်တွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို ဖွဲ့စည်းပြီးနောက် ဒေသအသီးသီးမှ တိုင်ကြားစာ စုစုပေါင်း ၆၉ စောင် ရောက်ရှိလာသည့်အနက် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ တိုင်ကြားမှုက သုံးပုံနှစ်ပုံခန့်ရှိနေကြောင်း အဆိုပါကော်မတီ ဥက္ကဋ္ဌ သူရဦးအောင်ကိုက ဒီဇင်ဘာ ၂၉ ရက်နေ့ ပြည်တွင်းသတင်းဂျာနယ်မီဒီယာများတွေ့ဆုံပွဲတွင် ပြောကြားလိုက်သည်။ (The Myanmar Post 020112) Read More…
- ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများအပါအဝင် ယခင်အစိုးရလက်ထက်က မည်သည့်အမှုဟောင်းများကိုမဆို မိမိပြစ်ဒဏ် ကျခဲ့စဉ်က မမှန်ကန်၊ မမျှတခဲ့ကြောင်း၊ အဂတိ တရားများရှိခဲ့ကြောင်း အထောက်အထားခိုင်လုံစွာ တိုင်ကြားလာပါက သက်ဆိုင်ရာ တရားလွှတ်တော်ရုံးသို့ လွှဲအပ်ပြီး ပြန်လည်စိစစ်စေမည်ဟု ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌ သူရဦးအောင်ကိုက လွန်ခဲ့သည့် ဒီဇင်ဘာလ ၂၉ ရက်နေ့က ပြောဆိုလိုက်သည်။ (Myanmar Tomes Vol.28, NO.551 06-120112) Read More…

## အမျိုးသားလူ့အခွင့်အရေးကော်မရှင်

- မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အကျဉ်းထောင်အတွင်း အစာဝတ်ခံဆန္ဒပြခဲ့သောအကျဉ်းသားများကို လွန်ခဲ့သည့် ဒီဇင်ဘာ၂၇ ရက်နှင့် ၂၈ ရက်များတွင် သွားရောက်တွေ့ဆုံခဲ့ကာ နိုင်ငံတော်တည်ငြိမ်ရေးနှင့်အများပြည်သူအေးချမ်းသာယာရေးကို ထိပါးခြင်းမရှိနိုင်သည့်အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် နိုင်ငံတော်သမ္မတထံ ထပ်လောင်းတင်ပြခဲ့ကြောင်း ထုတ်ပြန် လိုက်သည်။ (EMG 010112) Read More…
- သမ္မတရုံးမှ ထုတ်ပြန်ကြေညာလိုက်သော ၆၄ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသည့် လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းမှ အကျဉ်းသားများအပေါ် ထောင်ဒဏ်လျှော့ပေါ့ပေးမှုကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အပြည့်အဝအားရ ကျေနပ်မှု မရှိကြောင်း ကောမရှင် ဥက္ကဋ္ဌ ဦးဝင်းမြကထုတ်ဖော်ပြောဆိုလိုက်သည်။ (VOA 020112) Read More…
- အင်းစိန်အကျဉ်းထောင်၌ ထားရှိသည့် ပုံမှန်အကျဉ်းသားအရေအတွက်သည် ပုံမှန်ရှိရမည့် အရေအတွက် ၅,၀၀၀ ထက် ကျော်လွန် လျက်ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၅၀ ကျော်ခန့်ရှိသည်ဟု သွားရောက်လေ့လာခဲ့သည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်က ပြောသည်။ (The Myanmar Post 020112) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

အတိုက်အခံအင်အားစုများ (ပြည်တွင်း)

(က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် ၂၀၁၂ ခုနှစ်တွင် အလေးထားဆောင်ရွက်မည့် ကိစ္စ ၃ ရပ်အဖြစ် ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စများကို ဦးစားပေးလုပ်ဆောင်သွားမည်ဟု ဒေါ်အောင်ဆန်းစုကြည်က ထုတ်ဖော် ပြောကြားလိုက်သည်။ (DVB 010112) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ လစ်လပ်မဲဆန္ဒနယ် ၄၈ နေရာအားလုံးကို ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ယင်းအတွက် ပြည်နယ်တိုင်းအသီးသီးမှအဖွဲ့ချုပ်ကိုယ်စားလှယ်လောင်း အမည်စာရင်းများကို အဖွဲ့ချုပ်ဗဟိုရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့ထံသို့ ဇန်နဝါရီ ၁၁ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရန်နှင့် ဇန်နဝါရီ ၂ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။ (RFA 020112) Read More…
- ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က လာမည့် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့်ဟု ကြေညာခဲ့သည့် ကြားဖြတ် ရွေးကောက်ပွဲများတွင် တရားမျှတမှုရှိမရှိကို စောင့်ကြည့်သွားမည်ဟု အဓိကအတိုက်အခံပါတီဖြစ်လာမည့် အမျိုးသားဒီမိုကရေစီအဖွဲ့.ချုပ် NLD မှ ပြောရေးဆိုခွင့်ရှိသူ ရှေ့နေ ဦးဉာဏ်ဝင်းက ပြောသည်။ (The Myanmar Post 020112) Read More…
- အမေရိကန် အခြေစိုက် Open Society Institute (OSI) ကို ထူထောင်သူ ဂျော့ဆိုးရော့စ် George Soros သည် ဒေါ်အောင်ဆန်း စုကြည်အား တက္ကသိုလ်ရိပ်သာလမ်းသူမနေအိမ်တွင် ဇန်နဂါရီ ၂ ရက်နေ့ညပိုင်းက သွားရောက်တွေ့ဆုံဆွေးနွေးချက်များကို ဗဟိုဌာန ချုပ်မှမသိသော်လည်း ပညာရေးကိစ္စများပါနိုင်ကြောင်း NLD ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်ကယူဆကြောင်းပြောဆိုလိုက်သည်။ (Mizzima 030112) Read More…
- သမ္မတမှ ထုတ်ပြန်လိုက်သည့် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်သည် ခေါင်းစဉ်လွဲမှားနေကြောင်း၊ ပြည်တွင်း၊ ပြည်ပနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းကို နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေးနှင့်ပတ်သက်၍ ပေးထားသည့်ကတိကဝတ်များကို ဖောက်ဖျက်လိုက်ခြင်းဖြစ် ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်ကပြောသည်။ (VOA 030112) Read More…
- လွတ်လပ်ရေးသည် ကိုယ်နှင့်ထိုက်တန်သည်ဆိုသည့်စိတ်ဓာတ်ကို လူတိုင်းထားရန် လိုအပ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်က ဇန်နဝါရီ ၄ ရက်နေ့က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD တွင် ပြုလုပ်သော လွတ်လပ်ရေးနေ့အခမ်းအနားတွင် ပြောဆိုလိုက်သည်။ (VOA 040112) Read More…, Read More…, RFA…
- အစိုးရသစ်၏ တတိယအကြိမ်မြောက်လွတ်ငြိမ်းချမ်းသာခွင့်တွင် နိုင်ငံရေးအကျဉ်းသား (၃၀) ကျော်သာအကျုံးဝင် သဖြင့် ထပ်မံလွှတ်ပေးရေးအတွက် ဆက်လက်တိုက်တွန်းကြရန် ဇန်နဂါရီ ၄ ရက်နေ့က ရန်ကုန်မြို့တွင်ကျင်းပသော ၆၄ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဂါရင့်နိုင်ငံရေးသမားဟောင်းများ မိတ်ဆုံစားပွဲအခမ်းအခန်းအနားတွင် ဒေါ်အောင်ဆန်းစုကြည် ကပြောကြားလိုက်သည်။ (Irrawaddy 040112) Read More…
- နိုင်ငံရေးအကျဉ်းသားဟောင်း ဦးဂင်းတင်က အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့် ကြေညာချက်ကြောင့် ပြည်သူများရင်ထဲတွင် အကျိတ်အခဲများ ဖြစ်ပေါ်လာနိုင်သည်ဟု ဇန်နဝါရီ ၄ ရက်နေ့တွင် ပြုလုပ်သော ၁၉၆၂ မှ ၂၀၁၇ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် တွေ့ဆုံပွဲတွင် သတိပေးပြောကြားလိုက်သည်။ (RFA 040112) Read More…
- ယခင်စစ်အစိုးရနှင့် မတူဘဲ ဒီမိုကရေစီနိုင်ငံ ထူထောင်နေကြောင်း သက်သေပြလိုလျှင် သမ္မတ ဦးသိန်းစိန် အစိုးရအနေဖြင့် နိုင်ငံရေး အကျဉ်းသားများကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန် လိုအပ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဝင်းတင်က ပြောကြားလိုက်သည်။ (Mizzima 050112) Read More…
- ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝီလျံဟိတ် William Hague ၏ ခရီးစဉ်ကြောင့် မြန်မာ့မိတ်ဆွေကောင်းတစ်ဦး ရရှိလာနိုင် လိမ့်မည်ဟု မျှော်လင့်ကြောင်း ဒေါ်အောင်အောင်ဆန်းစုကြည်က သတင်းစကား ရေးသားပေးပို့လိုက်သည်။ (Mizzima 050112) Read More…
- ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသား ဒီမိုကရေစီ အဖွဲ့.ချုပ် (NLD) ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တရားဝင်နိုင်ငံရေးပါတီအဖြစ် ဇန်နဂါရီ ၅ ရက်နေ့က မှတ်ပုံတင်ချပေးလိုက်ပြီဖြစ်ကြောင်း၊ ဇန်နဂါရီ ၉ ရက်နေ့မှစတင်ကာ ပါတီရုံးများ ဖွင့်လှစ်ခြင်း၊ ပါတီဝင်များ လက်ခံခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း NLD ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ပြောသည်။ (Irrawaddy 050112) Read More…, VOA…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရေးအကျဉ်းသား မိသားစုဝင်များနှင့် ဇန်နဝါရီ ၅ ရက်နေ့တွင် သွားရောက်တွေ့ဆုံ အားပေးစကားပြောရာ၌ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးကို မိမိအလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောဆိုလိုက်သည်။ (RFA 050112) Read More...
- တိုင်းပြည်တွင် တွေ့မြင်နေရသည့် အပြောင်းအလဲများကို စစ်တပ်ထဲမှ မည်သည့်အတိုင်းအတာအထိ ထောက်ခံမှုရှိမှုအပေါ် စိတ်ပူမိကြောင်းနှင့် နေးကွေးနေဆဲတိုးတက်မှုများကို ဆက်လက်လျှောက်လှမ်းနိုင်ရန် တိကျစွာမဆိုနိုင်သေးကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အေပီသတင်းဌာနနှင့်မေးမြန်းခန်းတွင်ပြောဆိုလိုက်သည်။ (VOA 050112) Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က သမ္မတ ဦးသိန်းစိန်အပေါ် ယုံကြည်သော်လည်း မတွေ့ဆုံရသေးသည့် အစိုးရအဖွဲ့ဝင်အားလုံးအပေါ် အပြည့်အဝ မယုံကြည်ရဲသေးကြောင်းနှင့် သူမအသက်ရှင်နေစဉ် မြန်မာနိုင်ငံတွင် လွတ်လပ်၍ တရားမျှတသော ဒီမိုကရေစီရွေးကောက်ပွဲတစ်ခုအား တွေ့မြင်ရမည်ဟု ယုံကြည်ကြောင်း ဘီဘီစီသတင်းဌာနနှင့် ပြုလုပ်ခဲ့သည့် Exclusive Interview တွင် ပြောကြားလိုက်သည်။ (Shwelone 050112) Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အကျဉ်းကျခံနေရဆဲဖြစ်သော နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရန် ကျန်ရှိနေခြင်းသည် အစိုးရနှင့်၎င်းတို့ သတ်မှတ်သဘောတူထားသည့် အချိန်မရောက်သေး၍ဖြစ်ကြောင်း ပြောဆိုလိုက်သည်။ (Irrawaddy 060112) Read More...
- မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး စိတ်ကူးကို အကောင်အထည် ဖော်ရာတွင် ဗြိတိန်နိုင်ငံ အပါအဝင် နိုင်ငံတကာက အတူတကွလက်တွဲသွားမည်ဟု ယုံကြည်ကြောင်း ဗြိတိန်နိုင်ငံခြားရေး ဝန်ကြီး ဂီလျံဟိတ်နှင့် ဇန်နဂါရီ ၆ ရက်နေ့က တွေ့ဆုံအပြီးတွင် ဒေါ်အောင်ဆန်းစုကြည်က သတင်းထောက်များကိုပြောဆိုလိုက်သည်။ (Mizzima 060112) Read More...
- မြန်မာအစိုးရအနေဖြင့် ဒီမိုကရေစီဖော်ဆောင်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သည့်နေရာတွင် ပြုပြင်ပြောင်းလဲမှုများကို သြဇာကြီးမားသည့်တပ်မတော်က လက်ခံမှသာလျှင် အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က အေပီသတင်းဌာနနှင့်မေးမြန်းခန်းတစ်ခုတွင် သတိပေးပြောကြားလိုက်သည်။ (RFA 060112) Read More...
- ကွယ်လွန်သူ ချက်သမ္မတဟောင်း ဗားဆလပ်ဟာဗဲလ် (Václav Havel) သည် ကမ္ဘာ့ဒီမိုကရေစီရေးလှုပ်ရှားမှုအတွက်သာမက မြန်မာနိုင်ငံနှင့် ၎င်းကိုယ်တိုင် လွတ်လပ်ခွင့်အတွက် လှုပ်ရှားသူများ၏မိတ်ဆွေကောင်းတစ်ဦးဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ (VOA 060112) Read More...
- လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်သည့်မဲဆန္ဒနယ်များအတွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ပြည်နယ်နှင့်တိုင်းအစည်းအဝေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဇန်နဝါရီ ၆ ရက်နေ့တွင် ပြုလုပ်ခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး သနပ်ပင်မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဦးအောင်မျိုးဝင်းကပြောသည်။ (DVB 060112) Read More...
- နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပြီးသည့်နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကို အသစ် ပန်လည်ဖွဲ့စည်းသည့်အခါ ယခုကဲ့သို့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ မထားရှိတော့ဘဲ ပုံသဏ္ဍာန်တမျိုးနှင့် ဖွဲ့စည်းမည်ဟု ပါတီခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးတင်ဦးက ပြောသည်။ (RFA 070112) Read More...

## (ခ) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)

- ဦးသိန်းစိန် အစိုးရအနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံကို ထူထောင်လိုလျှင် နိုင်ငံရေးအကျဉ်းသားအားလုံးကို လာမည့်ပြည်ထောင်စုနေ့တွင် လွှတ်ပေးရမည်ဟု ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် SNLD က တောင်းဆိုလိုက်သည်။ (DVB 040112) Read More...

## (ဂ) အခြားတက်ကြွလှုပ်ရှားသများ

- ဇန်နဝါရီ ၂ ရက်နေ့တွင် ထုတ်ပြန်လိုက်သော ၆၄ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသည့် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရဆိုလျှင် လက်ရှိအကျဉ်းကျနေသည့် ၈၈ မျိုးဆက်ကျောင်းသား ၂၇ ဦးထဲမှ တစ်ဦးတစ်ယောက်မှ ပြန်လွတ်လာရန် မရှိဘူးဟု ၈၈ မျိုးဆက်တစ်ဦးဖြစ်သည့် စမ်းချောင်းကိုကိုကြီးက ပြောသည်။ (DVB 030112) Read More...
- တောင်ကုတ်တွင် ပြုလုပ်သော ၂၂၇ နှစ်မြောက် ရခိုင်ပြည် အချုပ်အချာအာဏာ ကျဆုံးနေ့အခမ်းအနားတွင် ရခိုင်သမိုင်းသုတေသီ ရမ္မာဝတီ အရှင်ပညာစာရ လွှတ်မြောက်ရေးအတွက် တောင်းဆိုခဲ့ကြသည်ဟု ဦးဆောင်သူ ရခိုင်လူသားချင်း စာနာမှု အထောက်အကူပြု ကွန်ယက် (AHN) လူငယ်တစ်ဦးကပြောသည်။ (Narinjara 030112) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- အစိုးရအနေဖြင့် နိုင်ငံရေးအကျဉ်းသားများရှိနေကြောင်းကို ရိုးသားစွာလက်ခံပြီး ၄င်းတို့အားလုံးကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန် ၈၈ မျိုးဆက်ကျောင်းသားများက တောင်းဆိုလိုက်ကြောင်း ပါဝင်တောင်းဆိုသူ ကိုထွန်းမြင့်အောင်က ပြောသည်။ (BBC 030112) Read More…
- မြန်မာပြည်ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် စစ်အာဏာရှင်စနစ်အောက်မှ လုံးဝလွတ်မြောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဇန်နဝါရီ ၄ ရက်နေ့ ၆၄ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဝါရင့်နိုင်ငံရေးသမားကြီးများက တိုက်တွန်းလိုက်ပြောကြားလိုက်သည်။ (DVB 040112) Read More…
- တိုင်းပြည်၏ အရေးပါသောဆုံးဖြတ်ချက်များတွင် သမ္မတထက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (အကလ) ပို၍ အရေးပါကြောင်း ဇန်နဂါရီ ၆ ရက်နေ့က ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝီလျံဟိတ်နှင့် တွေ့ဆုံစဉ် ရှင်းလင်းပြောပြခဲ့သည်ဟု ၈၈ မျိုးဆက် ကျောင်းသား ကိုမြတ်သူက ပြောသည်။ (Mizzima 060112) Read More…

## တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- အစိုးရတပ်များအနေဖြင့် လာမည့်ပွင့်လင်းရာသီတွင် ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ KIO ဌာနချုပ်ရှိရာ လိုင်ဇာမြို့ကို သိမ်းပိုက်ရန် လျှို့ဝှက်စီမံချက်များရှိသည်ဟု သတင်းများပေါ်ထွက်လာမှုကို KIO မှ အတည်မပြုနိုင်သော်လည်း ခုခံစစ်အနေဖြင့် ပြန်လည်တိုက်ခိုက်ရန် ပြင်ဆင်ထားသည်ဟု KIO ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်ကပြောသည်။ (RFA 030112) Read More…
- ဇန်နဝါရီလအတွင်း မြန်မာအစိုးရနှင့် မွန်ပြည်သစ်ပါတီတို့တွေ့ဆုံရန်ရှိသော်လည်း နှစ်ဖက်အပစ်ရပ်စဲရေး သဘောတူ လက်မှတ်ထိုးနိုင်လိမ့်မည်ဟုတ်ဟု မိမိမယူဆကြောင်း မွန်ငြိမ်းချမ်းရေးအကျိုးတော်ဆောင် နိုင်တင်အောင်က ပြောသည်။ (IMNA 040112) Read More…
- ကရင်အမျိုးသားအစည်းအရုံး KNU သည် ဇန်နဂါရီလ ၁၂ ရက်နေ့တွင် မြန်မာအစိုးရနှင့် တွေ့ဆုံဆွေးနွေးရန်တွင် ရိုးသား ပွင့်လင်းမှုအပေါ် အခြေခံပြီး သဘောထားမှန်ကန်ရန်လိုကြောင်း တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA ကလို့ထူးသော ဌာနချုပ်မှ သုံးသပ်ချက်တစ်စောင်အား ဇန်နဂါရီလ ၂ရက်နေ့ကထုတ်ပြန်ခဲ့သည်ဟု DKBA ပြောခွင့်ရ နိုင်ငံခြားရေး တာဝန်ခံ ဗိုလ်မှူးစောလုံ့လုံက ပြောသည်။ (KIC 040112) Read More…
- ချင်းအမျိုးသားတပ်ဦး CNF ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ တွဲဖက် အထွေထွေ အတွင်းရေးမှူး ဒေါက်တာရွှေခါး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင် ၁၀ ဦးသည် ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရန်အတွက် ဇန်နဂါရီ ၄ ရက်နေ့ ညနေ ၄ နာရီက ချင်းပြည်နယ် မြို့တော် ဟားခါးမြို့သို့ ရောက်ရှိလာသောကြောင့် ဟားခါးမြို့နေလူထု တစ်သောင်းခန့်က ကြိုဆိုခဲ့ကြကြောင်း NLD ချင်းပြည်နယ် ဥက္ကဋ္ဌ ဦးဘန်လျန်းက ပြောသည်။ (Mizzima 040112) Read More…
- ရှမ်းပြည်တပ်မတော် တောင်ပိုင်း (ခေါ်) ရှမ်းပြည်ပြန်လည် တည်ဆောက်ရေးကောင်စီ SSA/ RCSS နှင့် အစိုးရငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့တို့အကြား နေပြည်တော်တွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးကြရန် ဇန်နဝါရီ ၁ ရက်နေ့က တောင်ကြီးမြို့တွင် ဒုတိယအကြိမ်မြောက်တွေ့ဆုံရာတွင်သဘောတူလိုက်ကြသည်။ (BBC 040112) Read More…
- ပြည်ထောင်စု အဆင့် ငြိမ်းချမ်းရေး ထပ်မံဆွေးနွေးရန် ရှမ်းပြည် တပ်မတော် တောင်ပိုင်း (SSA-S) ကိုယ်စား လှယ် ၁၀ ဦးခန့်နှင့် အစိုးရ ကိုယ်စားလှယ် အဖွဲ့များကို မီးရထားဂန်ကြီး ဦးအောင်မင်းက ဦးဆောင်မည်ဖြစ်ပြီး ဇန်နဂါရီလ တတိယအပတ်၌ နေပြည်တော်တွင် တွေ့ဆုံကြမည်ဖြစ်ကြောင်း SSA -S ပြောခွင့်ရ ပုဂ္ဂိုလ် စိုင်းလောဝ်ဆိုင်းကပြောသည်။ (Irrawaddy 050112) Read More…
- အစိုးရအား ၂၃ နှစ်ကြာ လက်နက်ကိုင်တိုက်ခိုက်ခဲ့သော ချင်းအမျိုးသားတပ်ဦး CNF နှင့် ရထားဝန်ကြီး ဦးအောင်မင်း ခေါင်းဆောင်သော ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့တို့ ချင်းပြည်နယ်မြို့တော် ဟားခါးတွင် ဇန်နဂါရီ ၆ ရက်နေ့က တွေ့ဆုံပြီး အပစ်အခတ်ရပ်ဆိုင်းရေးသဘောတူလက်မှတ်ထိုးခဲ့ကြောင်း Shalom Foundation မှ ဆရာမ ဒေါ်ချင်းချင်းက ပြောသည်။ (Mizzima 060112) Read More… Irrawaddy
- မြန်မာအစိုးရနှင့်လွန်ခဲ့သည့်နှစ်ကုန်ပိုင်းက ငြိမ်းချမ်းရေးပဏာမတွေ့ဆုံဆွေးနွေးခဲ့သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP တပ်များနှင့် အစိုးရတပ်များအကြား ဇန်နဝါရီလ ပထမအတွင်းအတွင်း ရင်ဆိုင်တိုက်ပွဲ (၃) ကြိမ်ဖြစ်ပွားခဲ့ကြောင်း KNPP အတွင်းရေးမှူး (၁) ခူဦးရယ်ကပြောသည်။ (DVB 060112) Read More…
- တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသည့် ကချင်ပြည်နယ်အတွင်း ဇန်နဝါရီ ၄ ရက်နေ့က လွယ်ဂျယ်-မိုးမောက်ဒေသတွင် ဖြတ်သန်းလာသော အစိုးရ စစ်ရဟတ်ယာဉ်တစ်စီးကို ကချင်လွတ်မြောက်ရေးတပ်မတော် KIA က ပစ်ခတ်လိုက်သဖြင့် အရေးပေါ် ထိုးဆင်းသွားခဲ့သည်ဟု KIA ဒုစစ်ဦးချုပ် ဗိုလ်မှူးချုပ် ဂွန်မော်က ပြောသည်။ (BBC 070112) Read More…, RFA…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

နိုင်ငံတကာ

(က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- မြန်မာအစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်တွင် ထင်ရှားသည့် နိုင်ငံရေးအကျဉ်းသားများ ပါဝင်လာခြင်းမရှိခြင်းသည် နိုင်ငံရေးအကျဉ်းသားကိစ္စကို အစိုးရက အလေးအနကမထားကြောင်းကို ပြသရာရောက်ကြောင်း ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်ရေး အထူးကိုယ်စားလှယ် Mr. Tomas Quintana က ပြောကြားလိုက်သည်။ (RFA 040112) Read More…
- ဥရောပသမဂ္ဂ EU က မြန်မာနိုင်ငံကိုပေးနေသည့် အကူအညီဆိုင်ရာအစီအစဉ်များနှင့် နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးမှုများကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရေးတွန်းအားပေးရန်အတွက် မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံးခွဲတစ်ခု ဖွင့်လှစ်မည်ဟု EU နိုင်ငံခြားရေးမူဝါဒဆိုင်ရာအကြီးအကဲ Catherine Ashton ၏ ပြောရေးဆိုခွင့်ရှိသူ Michael Mann ကပြောသည်။ (VOA 050112) Read More…
- နိုင်ငံရေးနှင့်ဆက်နွယ်သူများအား ဆက်လက်ထိန်းသိမ်းထားပါက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ဥရောပသမဂ္ဂ၏ စီးပွားရေးပိတ်ဆို့မှုများ၊ ဒဏ်ခတ်မှုများကိုဖယ်ရှားပေးမည်မဟုတ်ကြောင်း ရန်ကုန်တွင်ရောက်နေသော ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂီလျံဟိတ်က ဇန်နဝါရီ ၆ ရက်နေ့ ပြောကြားလိုက်သည်။ (Irrawaddy 060112) Read More…

(ခ) အစိုးရ

- အမေရိကန်-မြန်မာ ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန် အရေးကြီးသည့်အချက် တစ်ချက်အဖြစ် မြန်မာအစိုးရအနေဖြင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးရမည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ထပ်မံပြောဆိုလိုက်သည်။ (VOA 030112) Read More…
- မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရ၏ သဘောထားနှင့်ပတ်သက်၍ တရုတ်အစိုးရတာဝန်ရှိသူများကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Kurt Campbell မှ ဇန်နဝါရီ ၃ ရက်နေ့က ရှင်းလင်းပြောကြားခဲ့သည်ဟု အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရ Victoria Nuland က ပြောသည်။ (VOA 040112) Read More…
- မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ဒီမိုကရေစီရေးအတွက် အမေရိကန်ပြည်ထောင်စုအနေဖြင့် အပြည့်အဝထောက်ခံအားပေးကြောင်းနှင့် အခြေခံကျကျ ဆက်ဆံသွားရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၄ ရက်နေ့တွင် ကျရောက်သည့် ၆၄ ကြိမ်မြောက် မြန်မာနိုင်ငံလွတ်လပ်ရေးနေ့အတွက် ကြေညာချက်တစ်ရပ်ထုတ်ပြန်လိုက်သည်။ (VOA 040112) Read More…
- နိုင်ငံရေးအကျဉ်းသားများအားလုံးလွှတ်ပေးရန် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး William Hague က မြန်မာနိုင်ငံကို ပထမဆုံးအကြိမ်လာရောက်သည့် သမိုင်းဝင်ခရီးစဉ်အစ၌ မြန်မာအစိုးရခေါင်းဆောင်များကို တိုက်တွန်းတောင်းဆိုလိုက်သည်။ (RFA 050112) Read More…
- မြန်မာနိုင်ငံရောက် ဗြိတိန် နိုင်ငံခြားရေး ဝန်ကြီး William Hague က မြန်မာနိုင်ငံ၏ တိုးတက်မှုများကို ကြိုဆိုကြောင်းနှင့် ထပ်မံပြုလုပ်မည့် ပြုပြင်ပြောင်းလဲမှုများတွင် ၄င်းတို့မြင်ချင်သည့်အပြောင်းအလဲများဖြစ်စေလိုကြောင်း မြန်မာနိုင်ငံခြားရေးဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ဥက္ကဌတို့နှင့်တွေ့ဆုံပွဲများတွင် ပြောဆိုခဲ့သည်ဟု သံရုံးနိုင်ငံရေးရာဒုတိယအတွင်းဝန် Joe Fisher က ပြောသည်။ (VOA 050112) Read More…
- အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒရေးရာ ညှိနှိုင်းရေးမှူး အထူးကိုယ်စားလှယ် ဒဲရက်မစ်ချဲလ်နှင့် အမေရိကန် နိုင်ငံခြားရေးဌာနက လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာသံအမတ်ကြီး လူးဝစ်ဆီဒါဘက်ကာ (Luis CdeBaca) တို့သည် ဇန်နဝါရီလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဌာနက ပြောကြားလိုက်သည်။ (VOA 060112) Read More…
- မြန်မာနိုင်ငံကို ခေတ္တရောက်နေသည့် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးရေးဝန်ကြီး Mr. Christian Friis Bach က ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရာ၌ မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကိစ္စများအပြင် နိုင်ငံရေးအကျဉ်းသားကိစ္စနှင့် တိုင်းရင်းသားအရေးများကို ဆွေးနွေးခဲ့သည်ဟု သတင်းထောက်များအား ပြောကြားလိုက်သည်။ (RFA 070112) Read More…

(ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့သည့် ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်စာရင်းဝင် အမေရိကန်လုပ်ငန်းရှင်ကြီး မစ္စတာ ဂျော့ဆိုးရော့စ်က မြန်မာနိုင်ငံတွင် ကူညီထောက်ပံ့ရေး လုပ်ငန်းများကို တရားဝင်အခြေစိုက် ထူထောင်ဆောင်ရွက်ရန် သဘောတူလိုက်ပြီ ဖြစ်ကြောင်း ဇန်နဝါရီ ၅ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။ (RFA 050112) Read More…

---

***End of report/ Saturday, January 07, 2012***
**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**
***Documentation and Research Department (NDD)***

---